**ဘဏ္ဍာရေးဝန်ကြီးဌာန**

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၅)**

**၁၃၇၇ ခုနှစ် ၊ သီတင်းကျွတ်လဆန်း ( ၇ ) ရက်**

**၂၀၁၅ ခုနှစ် ၊ အောက်တိုဘာလ ၂၀ ရက်**

**ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ အလုပ်ချိန်နှင့် ငွေချေးသက်သေခံလက်မှတ် အကျိုးဆောင်လုပ်ငန်းအတွက် အကျိုးဆောင်ခများ**

၁။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ၊ အခန်း (၃)၊ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဃ) အရ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းမှန်ကန်စွာနှင့် အဆင်ပြေလွယ်ကူစွာဆောင်ရွက်နိုင်ရန် ကြီးကြပ်ကွပ်ကဲရမည်ဖြစ်ရာငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏အလုပ်ချိန်နှင့် ငွေချေးသက်သေခံလက်မှတ် အကျိုးဆောင်လုပ်ငန်းအတွက် အကျိုးဆောင်ခများ သတ်မှတ်ပေးလိုက်သည်။

**အလုပ်ချိန်**

၂။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည် ရောင်းဝယ်မှုဆိုင်ရာအလုပ်ချိန်ကို တနင်္လာနေ့မှသောကြာနေ့ (အများပြည်သူရုံးပိတ်ရက်များ၊ ဘဏ်ပိတ်ရက်များ၊ အများပြည်သူအကျိုးစီးပွားအတွက် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးမှသတ်မှတ်သည့်နေ့များမှအပ) နံနက် ၉:၀၀ မှ မွန်းလွဲ ၂:၀၀ နာရီအထိ ဆောင်ရွက်ရမည်။

**အကျိုးဆောင်ခ**

၃။ ငွေချေးသက်သေခံလက်မှတ် အကျိုးဆောင်လုပ်ငန်းအတွက် အကျိုးဆောင်ခများမှာ အောက်ပါအတိုင်းဖြစ်ရမည်။

| စဉ် | ရောင်းဝယ်မှုပမာဏ | အကျိုးဆောင်ခ |
|---|---|---|
| (က) | ကျပ် ၅၀၀,၀၀၀ ထက်လျော့နည်းပါက | ၅၀၀၀ ကျပ် |
| (ခ ) | ကျပ် ၅၀၀,၀၀၁ မှ ကျပ် ၁,၀၀၀,၀၀၀ အထိ | ရောင်းဝယ်မှုပမာဏ၏ ၁.၀ % |
| (ဂ ) | ကျပ် ၁,၀၀၀,၀၀၁ မှ ကျပ် ၁၀,၀၀၀,၀၀၀ အထိ | ရောင်းဝယ်မှုပမာဏ၏ ၀.၈ % |
| (ဃ) | ကျပ် ၁၀,၀၀၀,၀၀၁ မှ ကျပ် ၁၀၀,၀၀၀,၀၀၀ အထိ | ရောင်းဝယ်မှုပမာဏ၏ ၀.၆ % |
| (င ) | ကျပ် ၁၀၀,၀၀၀,၀၀၁ ထက် ကျော်ပါက | ရောင်းဝယ်မှုပမာဏ၏ ၀.၅ % |

ဒေါက်တာမောင်မောင်သိမ်း

ဥက္ကဋ္ဌ

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး